# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 22, 2020 Volume 33, Number 15

## ခရီးသွားဧည့်သည် အဝင်မရှိခြင်းကြောင့် ကနုကမာအချောထည်များ အရောင်းအဝယ်ရပ်တန့်နေ



ယခုကာလအတွင်း ကော့သောင်းဒေသသို့ ခရီးသွားဧည့်သည်လာရောက်မှုမရှိသောကြောင့် လက်မှုပညာလုပ်ငန်းတစ်ခုဖြစ်သည့် ကနုကမာအချောထည်များ အရောင်းအဝယ်များ ရပ်တန့်နေကြောင်းနှင့် ပုလဲနှင့်ကနုကမာ လုပ်ကိုင်နေသည့် လုပ်ငန်းတချို့ ပိတ်သိမ်းရသည်အထိဖြစ်ခဲ့ကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်သူများ ထံမှသိရသည်။ ''ကိုဗစ်ကာလနဲ့ဆိုတော့ ကျွန်မတို့လည်း သူများနည်းတူပဲ အခက်အခဲတွေကြုံရပါတယ်။ ဘာဖြစ်လို့ဆိုတော့ ခရီးသွားတွေ၊ ကျွန်းလာတဲ့ခရီးသည်တွေကို အားကိုးပြီးရောင်းရတာလေ။ အခုကျတော့ ဘာမှမရောင်းရဘူးဆိုတော့ ပိတ်ထားရတဲ့အနေအထားဖြစ်တာပေါ့''ဟု ပုလဲနှင့်ကနုကမာ အချောထည်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ဘုန်းကပြောသည်။

အဆိုပါကနုကမာ အချောထည်လုပ်ငန်းကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်က မြိတ်ဒေသနှင့် ကော့သောင်းဒေသတို့တွင် ကုန်ချောအဖြစ် အများဆုံးလုပ်ကိုင်နေကြသော်လည်း ယခုအချိန်တွင် ကုန်ကြမ်းနှင့်လက်မှုပညာရှင်များကို ခေါ်ယူရခက်ခဲလာသောကြောင့် အချောထည်လုပ်ငန်း လုပ်ကိုင်သူများလည်း နည်းပါးလာကြောင်း သိရသည်။ လက်ရှိ တနင်္သာရီကမ်းရိုးတန်းဒေသတွင် ကနုကမာများကို အနုအလှဆင်ပြီး ကုန်ချောအဖြစ် ပြုလုပ်ခြင်းကို ကော့သောင်းဒေသတစ်ခုတည်းတွင်သာ တွေ့ရကြောင်းနှင့် ကော့သောင်းဒေသမှပြုလုပ်သည့် ကနုကမာအချောထည်များကို ခရီးသွားရာသီအချိန်တွင် ထိုင်းနိုင်ငံမှ အများဆုံးလာရောက်ဝယ်ယူမှုများရှိကြောင်းသိရသည်။

**Source:** http://myawady.net.mm/business/item/62426-2020-07-19-01-41-47

### ၂၂.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၇ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၆၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၉၇/- ကျပ် |
| CBM Rate | = ၁၃၈၈.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၉.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၂.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၉.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၈၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## COVID-19 ကြောင့် ကုမ္ပဏီ ၇၆ ရာခိုင်နှုန်းထိခိုက်ကြောင်း Myantrade အစီရင်ခံစာဖော်ပြ

COVID-19 ကြောင့် ကုမ္ပဏီ ၇၆ ရာခိုင်နှုန်းထိခိုက်ပြီး ကုမ္ပဏီထက်ဝက်ခန့်သည် ပြည်ပမှ အဝယ်အမှာစာ လျော့ခဲ့သည်ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade)က ထုတ်ပြန်သော မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် ကဏ္ဍများအပေါ် COVID-19 ၏ အကျိုးသက်ရောက်မှု အစီရင်ခံစာတွင်ဖော်ပြထားသည်။ ပြည်ပပို့ကုန်များအပေါ် COVID-19 ထိခိုက်မှုများအတွက် ပို့ကုန် မဟာဗျူဟာတွင် ဦးစားပေးပါသည့် ကုမ္ပဏီ ၂၆ ခုကို မေလက စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် တာဝန်ခံအစိုးရအဖွဲ့တစ်ခုဖြစ်သည်။ ထိခိုက်မှုသည် ကုမ္ပဏီ ၇၆ ရာခိုင်နှုန်းတွင် ၃၀ ရာခိုင်နှုန်းက အပြင်းအထန်ထိခိုက်ခဲ့ပြီး ကျန် ၄၆ ရာခိုင်နှုန်းက အတန်အသင့် ထိခိုက်ခဲ့သည်ဟု အစီရင်ခံစာကဆိုသည်။

စစ်တမ်းအရ ကုမ္ပဏီ ၅၀ ကျော်သည် အဝယ်အမှာစာလျော့ကျပြီး ၁၈ ရာခိုင်နှုန်းသည် အဝယ်အမှာစာပယ်ဖျက်ခြင်း ရှိနေကြောင်း၊ ကုမ္ပဏီထက်ဝက်ကျော်ကလည်း နောက်သုံးလအတွင်း အဝယ်အမှာစာ ထပ်မံလျော့ကျမည်ဟု စစ်တမ်းက ဆိုထားသည်။ ကုမ္ပဏီ ၁၉ ရာခိုင်နှုန်းက အဝယ်အမှာလျှော့ချမှု ၂၀ ရာခိုင်နှုန်းအထိရှိပြီး ကုမ္ပဏီ ၃၆ ရာခိုင်နှုန်းကလည်း နောက်သုံးလအတွင်း အဝယ်အမှာစာအတည်မပြုနိုင်တော့ဟုဆိုသည်။ "များစွာတဲ့ ကုမ္ပဏီလုပ်ငန်းများမှာ အမှာစာ အော်ဒါများလျော့ကျသွားတာ၊ ရပ်ဆိုင်းခံခြင်းတွေနဲ့အတူ နောက်လအနည်းကြာတဲ့အထိ မရေရာမသေချာမှုများစွာကို ကြုံတွေ့ နေရမယ်ဖြစ်ပါတယ်" ဟု Myantrade ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါကပြောသည်။ ကုမ္ပဏီ ၄၀ ရာခိုင်နှုန်းက ၎င်းတို့၏ ပြည်ပပို့ကုန်များကို တင်ပို့ရန်နှင့် သွင်းအားစုများဝယ်ယူရန် အခက်အခဲရှိနေသည်ဟုဆိုသည်။

မကြာမီ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၅ စတင်တော့မည်ဖြစ်၍ COVID-19 ကြောင့် ထိခိုက်မှုများအတွက် ပို့ကုန် လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဖြည့်တင်းပေးရန်လိုအပ်သည်ဟု ဒေါ်နော်မူတာကပေါကပြောသည်။ ပို့ကုန်လုပ်ငန်းရှင် များက အခွန်လျှော့ပေါ့ပေးခြင်း (သို့မဟုတ်) အခွန်ရပ်ဆိုင်းပေးခြင်း၊ ငှားရမ်းခများ၊ လျှပ်စစ်မီး၊ ရေနှင့် ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များကို လျှော့ချပေးခြင်းနှင့် ရပ်ဆိုင်းပေးခြင်းတို့ကို လိုလားနေသည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။ ထို့ပြင် ပို့ကုန်လုပ်ငန်းများအတွက် ဘဏ္ဍာရေးအထောက်အပံ့၊ အခွန်ဆိုင်ရာလျှော့ဆော်မှုများကို လိုအပ်နေသည်ဟု အစီရင်ခံစာကဖော်ပြ ထားသည်။ ထို့အပြင် ပို့ကုန်ကိုသာမှီခိုနေရသည့် ရော်ဘာလုပ်ငန်းသည် အကြီးအကျယ်ထိခိုက်နေသည်ဟု အစီရင်ခံစာက ဆိုသည်။

**Source:** https://7day.news/detail?id=192992

## ကဏန်းအရောင်းအဝယ်ကောင်းသောကြောင့် ကဏန်းဖမ်းသူများ စီးပွားရေးအဆင်ပြေ



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ကဏန်းများ အရောင်းအဝယ်ကောင်းမွန်နေပြီး ဈေးကွက်တည်ငြိမ်နေသောကြောင့် တစ်ပိုင်တစ်နိုင် ကဏန်းဖမ်းဆီးရောင်းချသူများအနေဖြင့် စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း ကဏန်းဖမ်းဆီး ရောင်းချသူများထံမှသိရ သည်။ ဟိုင်းကြီးကျွန်းမြို့ ပင်လယ်ကမ်းခြေနှင့် နီးသောကျေးရွာများရှိ ဒေသခံများအနေဖြင့် အသေးစားရေလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိပြီး နေ့စဉ်ဝင်ငွေရရှိကာ အရင်းအနှီးနည်းသော ကဏန်းဖမ်းဆီး ရောင်းချရေးလုပ်ငန်းကို မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိရာ ကဏန်းဖမ်းဆီးရောင်းချခြင်းမှ နေ့စဉ်ဝင်ငွေ ငွေကျပ် ၁၀၀၀၀ ကျော်ရရှိကြောင်းသိရသည်။ "ကျွန်တော်တို့ အနေနဲ့ အခုလိုမိုးတွင်းကာလမှာ ကဏန်းထောင်ဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ကဏန်းဖမ်းဆီးရာမှာ မြှုံးထောင် ဖမ်းဆီးခြင်းနဲ့ မျောပိုက်ချဖမ်းဆီးခြင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ မြှုံးထောင်ဖမ်းဆီးခြင်းကို မြစ်၊ ချောင်းတွေမှာ အဓိက ပြုလုပ်ပြီး ကဏန်းညိုတွေကို အဓိကထားဖမ်းဆီးပါတယ်။ ဈေးနှုန်းအနေနဲ့ ကဏန်းညို အလေးချိန် ၆ ကျပ်သား အရွယ်အစား အထက်ဆိုရင် တစ်ပိဿာကို ငွေကျပ် ၈၀၀၀ ဈေးရှိပြီး ၆ ကျပ်သားအောက် အကောင်တွေဆိုရင်တော့ တစ်ပိဿာကို

ငွေကျပ် ၃၀၀၀ ဈေးရှိပါတယ်။ ကဏန်းဖမ်းဆီးသူ များပြားလာတဲ့အတွက် ကဏန်းအကောင်ကြီးတွေ ရှားပါးလာပြီး အကောင်သေးတွေပဲ အများဆုံးဖမ်းဆီးရမိပါတယ်” ဟု ကဏန်းဖမ်းဆီး ရောင်းချသူတစ်ဦးကပြောသည်။

ကဏန်းဖမ်းဆီးခြင်းလုပ်ငန်းကို ဟိုင်းကြီးကျွန်းမြို့အနီးရှိ မြစ်၊ ချောင်းများတွင် အများဆုံးဖမ်းယူလျက်ရှိပြီး ဟိုင်းကြီးကျွန်းဒေသတွင် တစ်နေ့လျှင် ကဏန်းထွက်ကုန် အလေးချိန်ပိဿာ ၁၀၀ ကျော်ခန့်ရှိကာ ဒေသတွင်းအဝယ်ဒိုင်များမှ တစ်ဆင့် ရန်ကုန်၊ ပုသိမ်၊ လပွတ္တာမြို့တို့နှင့်ချောင်းသာ၊ ငွေဆောင်ကမ်းခြေတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source:** http://myawady.net.mm/news/localnews/item/62517-2020-07-21-09-49-18

## အချိန်ပိုင်းအတွင်း ဒေါ်လာတန်ဖိုး ဆက်တိုက်မြင့်တက်

ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးသည် အချိန်ပိုင်းအတွင်း အပြောင်းအလဲဖြစ်ပြီး နောက် ဇူလိုင် ၂၁ ရက်ညနေတွင် တစ်ဒေါ်လာ ၁,၄၀၃ ကျပ်သို့ မြင့်တက်ခဲ့သည်။ လာမည့်ဘဏ္ဍာနှစ် အစိုးရအသုံးစရိတ်ဘတ်ဂျက်ကို တစ်ဒေါ်လာ ကျပ် ၁,၅၂၀ ဖြင့်တွက်သည်ဟု စီမံ၊ဘဏ္ဍာနှင့် စက်မှု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့တင်ပြမှု လူမှုကွန်ရက်တွင်ပျံ့နှံ့ခဲ့ပြီးနောက် ဇူလိုင် ၂၁ ရက် ရုံးဖွင့်ရက်တွင် ဒေါ်လာဈေးကစားမှုများဖြစ်လာသည်ဟု ငွေလဲဝန်ဆောင်မှု လုပ်ကိုင်သူအချို့ကပြောသည်။

ပြည်တွင်းငွေကြေးဈေးကွက်တွင် နံနက်ပိုင်းဈေးကွက်ဖွင့်ချိန် တစ်ဒေါ်လာလျှင် ၁,၃၉၂ ကျပ်ဖြင့် စတင်ခဲ့ပြီးနောက် ညနေတွင် ၁,၄၀၃ ကျပ်သို့မြင့်တက်ခဲ့သည်။ အချိန်ပိုင်းအတွင်း တစ်ဒေါ်လာ ၁၁ ကျပ် မြင့်တက်ခြင်းဖြစ်ပြီး ငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး မြင့်တက်နေသော်လည်း ဇူလိုင် ၂၁ ရက် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းက တစ်ဒေါ်လာ ၁,၃၈၈ ကျပ်သတ်မှတ်သည်။

ဒေါ်လာတန်ဖိုးကို ဆွဲတင်သော်လည်း ပြည်တွင်းဝယ်လိုအားလျော့နည်းနေခြင်းကြောင့် တန်ဖိုးတက်ရန် မလွယ်ကြောင်း ဆန်စက်လုပ်ငန်းရှင် ဦးမျိုးသူရအေးကပြောသည်။ COVID-19 ကပ်ရောဂါကြောင့် ပြည်တွင်းဝယ်လိုအားလျော့နည်းနေသဖြင့် ဒေါ်လာတန်ဖိုးမြင့်တက်ရေးက မလွယ်ကူကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်သည်။

**Source:** https://7day.news/detail?id=192994

## Covid-19 စီးပွားရေးကုစားမှု အစီအစဉ်အရ CHALLENGE GRANT ပြိုင်ပွဲများကျင်းပမည်

အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း Covid-19 စီးပွားရေးကုစားမှု အစီအစဉ်အရ CHALLENGE GRANT ပြိုင်ပွဲများ ကျင်းပနိုင်ရန် Service Provider တင်ဒါခေါ်ယူလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် UNDP မြန်မာရုံးတို့ပူးပေါင်း၍ Covid-19 တိုက်ပွဲတွင် ဆန်းသစ်သည့်အိုင်ဒီယာများဖြစ်ပေါ်လာရေးနှင့် e-Commerce ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိန်ခေါ်မှုများကျော်လွှားနိုင်ရေး အက်ပလီကေးရှင်းများတီထွင်သည့် CHALLENGE GRANT ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲများကို ၂၀၂၀ ပြည့်နှစ် တတိယသုံးလပတ်အတွင်း စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲများကျင်းပပြုလုပ်ခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်အတွက် ဝန်ဆောင်မှုပေးအပ်နိုင်မည့် Service Provider ခေါ်ယူသွားမည်ဖြစ်ကာ လျှောက်ထားလိုသူများအနေနှင့် အိတ်ဖွင့်တင်ဒါ စတင်ပေးသွင်းနိုင်ပြီဖြစ်ကြောင်း၊ ဇူလိုင်လတင်ဒါပိတ်သွားမည်ဖြစ်ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနထံမှသိရသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက UNDP ၏ Website https://procurement-notices.undp.org/view_notice.cfm?notice_id=67907 တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**Source : The Voice**

https://news.ydnp.net/357185/

## မွေးမြူရေးငါး ဝယ်လိုအားနည်းလာသည့်အတွက် ဈေးနှုန်းကျဆင်းပြီး ငါးမွေးမြူသူများအရှုံးပေါ်



ပင်လယ်ငါးရှားပါးချိန်ဖြစ်သော်လည်း မွေးမြူရေးငါးဝယ်လိုအားနည်းသည့်အတွက် ဈေးနှုန်းကျဆင်းပြီး ငါးမွေးမြူသူများအရှုံးပေါ်နေကြောင်း၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်ဆွေ၏ ပြောဆိုချက်အရသိရသည်။ “ဒီလတွေက ငါးဈေးတက်မယ့်လ၊ ငါးရှားတဲ့လ ဖြစ်ပေမယ့် ငါးဈေးတက်မလာဘူး။ ဇူလိုင်နဲ့ ဩဂုတ်လမှာ ပင်လယ်ငါးမဝင်ဘူး။ ပင်လယ်ငါးရှားပါးချိန်ဖြစ်တဲ့အတွက် မွေးမြူရေးငါးက ဈေးရတယ်။ အခုပင်လယ်ငါးလည်း မဝင်ဘဲနဲ့ မွေးမြူရေးငါးက ဝယ်လိုအားနည်းတာကြောင့် ဈေးမရဘူး”ဟု ဒေါက်တာမြင့်ဆွေကပြော သည်။

လက်ရှိတွင် ယခင်လများထက် ငါးအရောင်းအဝယ် အနည်းငယ်တက်လာသော်လည်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း၊ ငါးဈေးနှုန်း ကျဆင်းသော်လည်း ငါးစာဖြစ်သော ဖွဲနုဈေးမှာ တစ်ပေါင်လျှင် ငွေကျပ် ၁၄၀ ဖြစ်လာသည့်အတွက် ငါးမွေးမြူသူများ အရှုံးပေါ်နေကြောင်း၊ Covid-19 ရောဂါ မဖြစ်ပွားမီက ဖွဲနုတစ်ပေါင်လျှင် ငွေကျပ် ၁၀၀ သာ ရှိပြီး ငါးဈေးနှုန်းမှာလည်း လက်ကားဈေးနှုန်းအနေဖြင့် ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ခန့်ရရှိခဲ့ကာ လက်ရှိတွင် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့်သာရရှိကြောင်း၊ ထို့ပြင် ယခင်က ငါးကြင်းဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၉၀၀၀ အထိရရှိခဲ့ပြီး လက်ရှိတွင်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ခန့်သာ ရရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/news/localnews/item/62520-2020-07-21-09-52-38

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငါးလအတွင်း ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၁၁ သန်းကျော်နှင့် ကျောက်မျက်ရတနာတင်ပို့မှုမှ ဒေါ်လာလေးသန်းကျော်ရရှိ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငါးလအတွင်း ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၁၁ သန်းကျော်နှင့် ကျောက်မျက်ရတနာများ တင်ပို့မှုမှ ဒေါ်လာလေးသန်းကျော်ရရှိကြောင်း စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပပို့ကုန်/သွင်းကုန်စာရင်းဇယားများ ပြည့်စုံမှန်ကန်မြန်ဆန်စွာ ပြုစုရေးအဖွဲ့မှသိရသည်။ လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတန်ချိန် ၁၉၆၀ ကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၄၂၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၅၆၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေဒေါ်လာသန်း ၁၀၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၂ ရက်အထိ ရှစ်လခန့်တွင် ပြည်ပသို့ ကျောက်စိမ်းတန်ချိန် ၁၉၆၄ တန်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၄၂၀ ဒသမ ၀၃၆ သန်း ရရှိထားသည်။ ယခင်နှစ်ကာလတူတွင် ပြည်ပသို့ ကျောက်စိမ်းတန်ချိန် ၁၄၀၆ တန်တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃၁၈ သာ ရရှိထားသည်။ လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တင် ပြည်ပသို့ ကျောက်စိမ်း တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် ၅၅၈ တန်နှင့် ဝင်ငွေအားဖြင့် ဒေါ်လာ ၁၀၂ ဒသမ ၀၃၆ သန်း ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ ကျောက်စိမ်းကို ပြပွဲများ ပြုလုပ်ပြီးရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းပြပွဲများ ပြုလုပ်မှုများသည့်ကာလများတွင် ပြည်ပသို့ကျောက်စိမ်း ပိုမိုတင်ပို့နိုင်ပြီး ကျောက်စိမ်းပြပွဲများပြုလုပ်မှုနည်းသည့်ကာလများတွင် ကျောက်စိမ်းတင်ပို့မှု လျော့ကျနိုင်ကြောင်းသိရသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အကြီးစား၊ အလတ်စား၊ အသေးစားနှင့် စမ်းသပ်


လုပ်ကွက်အပါအဝင် စမ်းသပ်ဖြစ်မြောက် လုပ်ကွက်ပေါင်း ၁၁၀၀ ကျော် ခွင့်ပြုမိန့် ထုတ်ပေးထားပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးခွင့်ပြုပေးထားကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာနမှသိရသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အကြီးစား၊ အလတ်စား၊ အသေးစားနှင့် စမ်းသပ်လုပ်ကွက်၊ စမ်းသပ်ဖြစ်မြောက်လုပ်ကွက်အပါအဝင် လုပ်ကွက်စုစုပေါင်း ၁၁၉၅ ကွက် ခွင့်ပြုမိန့်ထုတ်ပေးထားပြီး မန္တလေးတိုင်း ဒေသကြီးတွင်း ၃၁၇ ကွက်ဖြင့် အများဆုံးခွင့်ပြုထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၁၈ ကွက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ၁၄၁ ကွက်၊ ကယားပြည်နယ်တွင် ၁၈ ကွက်၊ ကရင်ပြည်နယ်တွင် ၄၆ ကွက်၊ ချင်းပြည်နယ်တွင် လေးကွက်၊ တနင်္သာရီတိုင်းဒေသကြီး ၈၆ ကွက်၊ နေပြည်တော်တွင် သုံးကွက်၊ ပဲခူးတိုင်းဒေသကြီးအတွင်း ခုနစ်ကွက်၊ မကွေးတိုင်းဒေသကြီးတွင် အကွက် ၅၀၊ မွန်ပြည်နယ်တွင် ၁၉ ကွက်၊ ရခိုင်ပြည်နယ်တွင် တစ်ကွက်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ၉၃ ကွက်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ၇၉ ကွက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် သုံးကွက်ဖြင့် စုစုပေါင်း အကြီးစား၊ အလတ်စား၊ အသေးစားနှင့် စမ်းသပ်လုပ်ကွက်၊ စမ်းသပ်ဖြစ်မြောက်လုပ်ကွက် အပါအဝင် လုပ်ကွက်စုစုပေါင်း ၁၁၉၅ ကွက် ခွင့်ပြုပေးထားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဇွန်လကုန်အထိ ကိုးလအတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ရွှေသတ္တုဖက်စပ် လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှု ထရိုင်အောင်စ ၅၄၀၃ ဒသမ ၃၈ ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ထရိုင်အောင်စ ၄၂၅၂ဒသမ ၃၆ အထိ ထုတ်လုပ်ထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/183732

## ဂျပန်နိုင်ငံက ထားဝယ်အထူးစီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်ရေးအတွက် လိုအပ်သည့်လေ့လာမှုများဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိ



ဂျပန်နိုင်ငံက ထားဝယ်အထူးစီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သည့်လေ့လာမှုများ ဆောင် ရွက်ရန် ဆွေးနွေးလျက်ရှိကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ၊ အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်က The Daily Eleven သတင်းစာ သို့ ပြောကြားသည်။

ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ စီမံကိန်းများအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်သွား မည်ဖြစ်ပြီး COVID-19 ကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံသူလိုသူ များမှာ လူကိုယ်တိုင် လာရောက်ဆွေးနွေးမှုများနှင့် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။ “ဒီဇုန်ကြီးက တကယ်ကအရမ်းကျယ်တယ်။ ဒါကြောင့်မို့ အကုန်လုံးကို တစ်ပြိုင်နက်တော့ တစ်ယောက်တည်း သို့မဟုတ် ကုမ္ပဏီတစ်ခုတည်း၊ နှစ်ခုတည်းနဲ့လုပ်ဖို့ကမဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ နိုင်ငံအသီးသီးက ကမ္ဘာ့အသီးသီးက ရင်းနှီးမြှုပ်နှံသူတွေ ရင်းနှီးမြှုပ်နှံတည်ဆောက်မယ့်သူတွေနဲ့ ဖိတ်ခေါ်ဖို့ရှိပါတယ်” ဟု အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်က ပြောကြားသည်။ “High Tech၊ Capital Intensive နဲ့ Heavy Industry တွေအတွက် စိတ်ဝင်စားတယ်။ ဥပမာဆိုရင် ဂျပန်နိုင်ငံက ရေနက်ဆိပ်ကမ်းအတွက် လိုအပ်တဲ့လေ့လာမှုတွေ ဆောင်ရွက်ဖို့ ဆွေးနွေးထားတာရှိပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထားဝယ်အထူးစီးပွားရေးဇုန်တွင် ကနဦးအဆင့်အကောင်အထည်ဖော်ရန် ကြိုတင်လိုအပ်ချက် (Condition Precedents) များ ဖြည့်ဆည်းပေးပြီးဖြစ်၍ အီတာလျံ-ထိုင်း ကုမ္ပဏီနှင့် မြေငှားစာချုပ်ချုပ်၍ ဆက်လက် အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းစတင်သည်နှင့် အီတာလျံ-ထိုင်းကုမ္ပဏီနှင့် နောင်တွင်မြေငှားရမ်းကာ လာရောက်ရင်းနှီး မြှုပ်နှံမည့်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းများကြောင့် ထိခိုက်နစ်နာသည့်ပုဂ္ဂိုလ်များအတွက် လျော်ကြေးပေးခြင်းနှင့် ရွှေ့ပြောင်းနေရာချထားခြင်းကို နိုင်ငံတကာစံနှုန်းများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အခြေအနေများအား ပြည့်မီကိုက်ညီ

အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှသိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းအတွက် ငွေလုံးငွေရင်းအရင်းအနှီးနှင့် တိကျသေချာသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အထောက်အထားများ အီတာလျံ-ထိုင်းကုမ္ပဏီထံမှ ရရှိပြီးသည်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အီတာလျံ-ထိုင်းကုမ္ပဏီသို့ စီမံကိန်းစတင်ဆောင်ရွက်ရန် အကြောင်းကြားစာ ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းအား မကြာမီကာလအတွင်း စတင်ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသည် အီတာလျံ-ထိုင်းကုမ္ပဏီမှ ကနဦးစီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ကနဦးစီမံကိန်းလုပ်ငန်းများအတွင်းပါဝင်သည့် အခြားသော စီမံကိန်းများကိုလည်း ယခုပြင်ဆင်ပေးပို့ခဲ့သည့် ကနဦးစက်မှုဇုန်မြေငှားစာချုပ်ကဲ့သို့ ပြင်ဆင်ဆောင်ရွက်ပေးပို့သွားမည်ဖြစ်ပြီး ဆောင်ရွက်မှုများအား မကြာခင် အသိပေးကြေငြာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆက်လက်ပေးပို့ဆောင်ရွက်သွားမည့် စီမံကိန်းများတွင် သဘာဝဓာတ်ငွေ့ရည်ဆိပ်ကမ်းစီမံကိန်း၊ ကနဦးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဆိပ်ကမ်းငယ်စီမံကိန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/183728

## မြန်မာ့ရွှေဈေးနှုန်းများ ပြန်တက်လာ



မြန်မာနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်မြို့များက ရွှေဝယ်လိုအား မြင့်တက်နေသဖြင့် ပြည်တွင်း၌ ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လာနေကြောင်း ရွှေကုန်သည်များထံကသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က "မြဝတီ၊ မူဆယ်နဲ့တမူးစတဲ့ နယ်စပ်ကပြန်ပြီး ရွှေအဝယ် ပြန်လိုက်လာတယ်။ အတုံးအခဲများတယ်။ အရင်ရက်တွေက အဲဒီဘက်က အဝယ်မရှိဘူး။ ဒီတပတ်ထဲမှာ တက်လာတာ။ ၁ ရက်ကို ရွှေပိဿာချိန် ၁၀ နဲ့ ၁၅ ပိဿာလောက်က နယ်စပ်မြို့တွေကိုသွားနေတယ်။ ရွှေဈေးကလည်း မြင့်တက်နေတယ်" ဟုပြောသည်။

မြန်မာ့ရွှေဈေးသည်လည်း ဇူလိုင်လ ၁ ရက်က အကယ်ဒမီ အခေါက်ရွှေ ၁ ကျပ်သားလျှင် ကျပ် ၁၂ သိန်း ၁ သောင်းကျော်ရှိခဲ့ရာမှ ယနေ့တွင် ကျပ် ၁၂ သိန်း ၆ သောင်းကျော်အထိ ဈေးမြင့်တက်လာခဲ့သည်။ ထို့ပြင် ကမ္ဘာ့ရွှေဈေးသည် ဇူလိုင်လ ၂၀ ရက်က ၁ အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၂၄ မှ ယနေ့တွင် ၁၈၂၈ ဒေါ်လာအထိ မြင့်တက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေး မြင့်တက်နေခြင်းကြောင့်လည်း မြန်မာ့ရွှေဈေးမှာ မြင့်လာသည့်အပြင် ယခုကဲ့သို့ နယ်စပ်ဒေသများက အဝယ်လိုက်လာခြင်းကြောင့်လည်း ဈေးမြင့်တက်မှုကို အကျိုးသက်ရောက်စေကြောင်းသိရသည်။ မြန်မာ့နယ်စပ် ဒေသများဖြစ်သော မြဝတီ၊ မူဆယ်နှင့်တမူးတို့နှင့် ဆက်စပ်နေသည့် ထိုင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများ၏ရွှေဈေးနှင့် မြန်မာ့ရွှေဈေး နှိုင်းယှဉ်ပါက မြန်မာ့ရွှေဈေးက နိမ့်ခြင်းကြောင့်လည်း နယ်စပ်ကုန်သည်များက ဝယ်ယူမှုများနေခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်ကရှင်းပြသည်။ "ကျနော်တို့ဆီက ဈေးနိမ့်နေတယ်။ ကျပ် ၁ သိန်းလောက်နိမ့်နေတယ်။ သူတို့ဘက်ကတော့ ဈေးက ကမ္ဘာ့ဈေးနဲ့ ပုံမှန်သွားနေတယ်။ ကျနော်တို့က ကမ္ဘာ့ဈေးနဲ့ ကျပ် ၁ သိန်းလောက်ကွာတယ်" ဟု ပြောသည်။

နိုင်ငံတကာ ဘဏ်များကလည်း အရံငွေအဖြစ် ရွှေကိုစုဆောင်းခြင်းနှင့် နိုင်ငံတကာတွင် စတော့ရှယ်ယာ အရောင်းအဝယ် တော်တော်များများရပ်ခြင်းတို့ကြောင့် လုပ်ငန်းရှင်များက ရွှေဘက်သို့လှည့်၍ ရင်းနှီးမြှုပ်နှံလာကြသဖြင့် ကမ္ဘာ့ရွှေဈေးမြင့်တက်နေခြင်းဖြစ်သည်ဟုလည်း လုပ်ငန်းရှင်များကဆိုသည်။ ယင်းပြင် ပြည်တွင်း၌လည်း ဝယ်လိုအားများနေသဖြင့် မြန်မာ့ရွှေဈေးသည် ထပ်တက်နိုင်သည့် အလားအလာများရှိကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်ထွန်းက "နယ်စပ်က အဝယ်လိုက်တာက ယိုးဒယားလိုင်းက ဖြစ်မယ်။ တရုတ်တို့ အိန္ဒိယတို့ကတော့ သိပ်မထွက်နိုင်ဘူးဗျ။ ရွှေဈေးက တောက်လျှောက်တက်နေတာ ငွေဈေးကလည်း ၁၄၀၁ ကျပ်အထိ ဆွဲတင်ထားတယ်။ မန္တလေးကတော့ သွားတာမရှိဘူး။ ရန်ကုန်ကတဆင့် သွားတာတော့ရှိမယ်" ဟု ပြောသည်။ ဆက်လက်၍ ၎င်းက "ကမ္ဘာ့ရွှေဈေး တက်တာရောစတဲ့အကြောင်းကြောင်းတွေကြောင့် ဒီနေ့မှာပဲ ကျပ် ၁ သောင်းလောက် မြန်မာ့ရွှေဈေးကထပ်တက်တယ်။ ကမ္ဘာ့ရွှေဈေး ဆွဲချလိုက်မယ်ဆိုရင်တော့ တမျိုး၊ ဒီအတိုင်းဆိုရင် အတက်ပဲ ဦးစားပေးရမှာပဲ။ အတက်ပဲမြင်နေတယ်။ နောက်ဆုံး ၁ ကျပ်သား ကျပ် ၁၃ သိန်း ပြန်ဖြစ်ရင်ဖြစ်သွားမှာ" ဟု သုံးသပ်ပြောဆိုသည်။

ရန်ကုန် ရွှေဈေးကွက်နှင့်မန္တလေးရွှေဈေးကွက်သည် ကျပ်ထောင်ဂဏန်းဝန်ကျင်သာ ကွာခြားမှုရှိကြောင်း လုပ်ငန်းရှင်များထံကသိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဩဂုတ်လက မြန်မာ့ရွှေဈေးသည် ၁ ကျပ်သားလျှင် ကျပ် ၁၃ သိန်းအထိ စံချိန်တင် မြင့်တက်ခဲ့ဖူးသည်။ လက်ရှိ ရန်ကုန်ဈေးကွက်တွင် ၁ ရက်လျှင် ရွှေပိဿာချိန် ယခင်က ၅၀ ခန့် အရောင်းအဝယ် ဖြစ်သော်လည်း ယခု ကိုဗစ်ကာလတွင် ပိဿာ၂၀ မှ ၂၅ ပိဿာအထိသာ အရောင်းအဝယ်ဖြစ်နေပြီး၊ ကိုဗစ်ကြောင့် လုပ်ငန်းရှင်များကလည်း အရင်းအနှီးလိုသဖြင့် ရွှေအရောင်းရှိသလို အခြေခံလက်လုပ်လက်စားသမားများကလည်း စားဝတ်နေရေးအတွက် ရောင်းချခြင်းရှိနေသောကြောင့် ဝယ်လိုအားထက် ရောင်းလိုအားကများနေသည်ဟု လုပ်ငန်းရှင်များက ပြောသည်။

**Source:** https://burma.irrawaddy.com/news/2020/07/21/226702.html

## ထိုင်းနယ်စပ်ပေါက်ပိတ်လိုက်သဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ခရမ်းစွဲကြက်သွန်ဖြူများ ကီလိုသန်းနှင့်ချီ အရောင်းအဝယ်မဖြစ်တော့ဘဲ တောင်သူများအခက်ကြုံတွေ့လာ၍ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးရန် တောင်သူများတောင်းဆို



ထိုင်းနယ်စပ်ပေါက် ပိတ်လိုက်သဖြင့် ရှမ်းပြည်နယ်တွင်းရှိ ခရမ်းစွဲကြက်သွန်ဖြူများ ကီလိုသန်းနှင့်ချီ၍ အရောင်းအဝယ်မဖြစ်တော့ဘဲ တောင်သူများ အခက်အခဲကြုံတွေ့လာသဖြင့် အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးရန် တောင်သူများတောင်းဆိုကြောင်း သတင်းရရှိသည်။ ကြက်သွန်ဖြူ (ခရမ်းစွဲ) ကို ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့၊ လဲချားမြို့၊ မိုးနဲမြို့၊ ရှမ်းအရှေ့မိုင်းတုံ၊ ပုံပါကျင်၊ နားကောင်းမူး စသည့်မြို့နယ်များတွင် စိုက်ပျိုးကြပြီး အရောင်းအဝယ်မကောင်းသည့် ခရမ်းစွဲကြက်သွန်ဖြူ ကီလိုသန်းပေါင်းများစွာရှိနိုင်ကြောင်းသိရသည်။ အဆိုပါ ခရမ်းစွဲကြက်သွန်ဖြူကိစ္စကို ကူညီဖြေရှင်းပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း ကြယ်ပွင့်မပြမေးခွန်းကိုလည်း လွှတ်တော်တွင် မေးမြန်း ထားခြင်းဖြစ်ကြောင်း မိုင်းပွန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်ကပြောကြားသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တောင်းဆိုထားသည်မှာ (၁) မယ်ဆိုင်တွင် ထိုင်းနိုင်ငံအစိုးရနှင့်ညှိနှိုင်း၍ နယ်စပ်ဂိတ်တံခါးနှင့် လမ်းဖွင့်ပေးရန်၊ (၂) တောင်သူများရှုံးရခြင်းမှာ ထိုင်းနိုင်ငံဘက်မှ အခွန်များအဆမတန် မြှင့်တင်ကောက်ခံခြင်းဖြစ်သဖြင့် ထိုင်းနိုင်ငံအစိုးရဘက်မှ အခွန်လျှော့ပေါ့ပေးရန် နှစ်ဖက်အစိုးရအချင်းချင်း ညှိနှိုင်းပေးရန် စသည့်အချက်နှစ်ချက် တောင်းဆိုထားကြောင်း သိရသည်။ "အရင်က ထိုင်းဘက်ကို ပို့နေတာ။ ဒီနှစ်တော့ ကိုဗစ်ကြောင့်လည်းပါတယ်။ ထိုင်းဘက်က ဂိတ်မဖွင့်တာနဲ့ တောင်သူတွေဒုက္ခရောက်နေတယ်။ အခုက ဈေးတော့ငြိမ်နေတယ်။ တောင်သူတွေ အရင်းမရကြဘူးပေါ့။ နောက် လေးငါးလဆိုရင်တော့ ကြက်သွန်ကို အရှုံးခံပြီး ရောင်းရတော့မှာပေါ့ဗျာ။ မြောက်ပိုင်းတော့ စိုက်တာနည်းတယ်။ အစိုးရကို အချက်နှစ်ချက် တောင်းဆိုထားတာရှိတယ်။ ဇူလိုင် ၁၆ ရက်က ပို့ထားတာရှိတယ်။ အစိုးရကနေ ပြည်တွင်း၊ ပြည်ပနိုင်ငံတွေကို ဈေးကွက်တွေ ရှာဖွေပေးနိုင်မယ်ဆိုရင် တောင်သူတွေ တော်တော်လေးကို အဆင်ပြေမှာပေ့ါနော်" ဟု မိုင်းပွန်မြို့နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်က ပြောကြားသည်။

ခရမ်းစွဲ ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၁၃၀၀ ရှိရာမှ လက်ရှိတွင် တစ်ပိဿာလျှင် ကျပ် ၇၀၀ နှုန်း ဝယ်ယူသူမရှိဘဲ ဖြစ်နေကြောင်း၊ တရုတ်နိုင်ငံဘက်မှ အောက်လမ်းမှ တင်သွင်းလာသော ကြက်သွန်ဖြူများကို အစိုးရက ပိတ်သိမ်းနိုင်လျှင် ကောင်းမည်ဖြစ်ကြောင်း လဲချားမြို့နယ် ကုန်စည်ဒိုင်အသင်းဝင် ဦးစိုင်းသီဟက ပြောကြားသည်။ "ယိုးဒယားက ပစ္စည်း ပေးမသွင်းဘူး။ လမ်းပိတ်လိုက်လို့ပေါ့နော်။ အခုလက်ရှိ ကီလိုသန်းနဲ့ချီ ရောင်းမရဘူး။ နယ်စပ်ပိတ်လိုက်တော့ ကုန်သည်ပွဲစား တွေကလည်း လာမဝယ်ကြဘူးလေ။ လက်ရှိမှာ လဲချားမြို့၊ မိုင်းပန်၊ မိုးနဲ၊ ပအိုဝ်းဒေသ နည်းနည်းပေါ့။ အမြိတ်ပါတဲ့ ခရမ်းစွဲကြက်သွန် ယိုးဒယားပို့တဲ့ ကြက်သွန်ပေါ့။ ဒီတောင်သူက ဒီချိန်မှာကောက်စိုက်ချိန် စိုက်ပျိုးရေးစရိတ်လုပ်အားခ၊ ပိုးသတ်ဆေး၊ ပေါင်းရှင်းခ အသုံးစရိတ်တွေ လိုတာပေ့ါ။ ပစ္စည်းရောင်းမရတော့ အခက်အခဲတော့ ရှိတာပေ့ါ။ ဖြစ်နိုင်ရင် တစ်ဖက်နိုင်ငံက ပေးတဲ့ဈေးပေါ်မူတည်ပြီး ကုန်သွယ်မှုလမ်းကြောင်း ဖြစ်နိုင်အောင် တရားဝင်လမ်းကနေ သွားလို့ရအောင် အရောင်းအဝယ်ဖြစ်အောင် နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းပြီး တောင်သူတွေ မနစ်နာအောင်လုပ်ပေးရင် တောင်သူတွေ အသက်ရှူချောင်တာပေ့ါ။ ကိုဗစ်ကာလ တောက်လျှောက်ပဲ၊ စထွက်ချိန်ကနေ အခုဆိုရင်တော့ နှစ်လကျော်၊ သုံးလလောက်ရှိပြီပေါ့။ တောင်သူတွေက ဒီအချိန်စိုက်ပျိုးရေး စရိတ်လိုပြီလေ။ အရောင်းအဝယ်မဖြစ်ရင် တောင်သူတွေက တော်တော်နစ်နာတာပေ့ါ။ ပြည်တွင်းသုံးနေတာ အဖြူတော့ သုံးနေတယ်ဗျ။ ခရမ်းစွဲကလည်း အဖြူလောက် မသုံးကြဘူး။ ယိုးဒယားက ခရမ်းစွဲအရသာ ကြိုက်တယ်။ တရုတ်ကြက်သွန် ဈေးပေါပေါကိုလည်း မယှဉ်နိုင်ဘူးပေါ့။ ဆင်းရဲသားများတော့ ရောဂါလည်းဖြစ်တော့ ဈေးပေါတာပဲ ဝယ်စားတာပေါ့။ အစိုးရကနေ တရုတ်အောက်လမ်းကနေလာတဲ့ ကြက်သွန်တွေ ပိတ်နိုင်ရင် ကောင်းတာပေါ့။ အခုက ၇၀၀ ကျပ်ကို ဝယ်သမား ရှာမတွေ့ဘူးဖြစ်နေတယ်" ဟု လဲချားမြို့နယ် ကုန်စည်ဒိုင် အသင်းဝင် ဦးစိုင်းသီဟက ပြောကြားသည်။

**Source:** https://news-eleven.com/article/183816

## ရန်ကုန်မော်တော်ယာဉ် ဈေးကွက်အတွင်း အိမ်စီးကားများ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာ



ရန်ကုန်မော်တော်ယာဉ်ဈေးကွက်အတွင်း အိမ်စီးကားများ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း သီရိမင်္ဂလာ မော်တော်ယာဉ်ရောင်းဝယ်ရေးစခန်းမှ မော်တော်ယာဉ်ဝယ်ရောင်း လုပ်ကိုင်သူများ၏ ပြောကြားချက်အရသိရသည်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေသော မော်တော်ယာဉ်များတွင် ငွေကျပ် သိန်း ၁၅၀ မှ သိန်း ၂၀၀ ဝန်းကျင်ရှိ Honda Fit ၊ Toyota Vitz ၊ Belta နှင့် Probox ကားများ အများဆုံး အရောင်းအဝယ်ဖြစ်နေခြင်း ဖြစ်သည်။ ''လက်ရှိမှာ ကျောင်းသားမိဘတွေက ကျောင်းဖွင့်ချိန်အမီ ကျောင်းကြို/ပို့လုပ်ဖို့ဝယ်ကြတယ်။ ကျောင်းကားစီးခိုင်းရင် COVID-19 ရောဂါကူးစက်မှာ စိုးရိမ်ပြီးတော့ ဝယ်ယူလာကြတာပါ'' ဟု ဝါရင့်မော်တော်ယာဉ်ဝယ်ရောင်းလုပ်ကိုင်သူ ဦးသိန်းထွန်းက ပြောသည်။

လက်ရှိ ရန်ကုန် မော်တော်ယာဉ်ဈေးကွက်အတွင်း တန်ဖိုးသင့်တင့်သော မော်တော်ယာဉ်များ အရောင်းအဝယ်ဖြစ်နေပြီး စလစ်ဈေးကွက်တွင်လည်း ရန်ကုန်လိုင်စင်သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် တစ်စောင်လျှင် ငွေကျပ် သိန်း ၁၁၀ ဝန်းကျင် ရှိသည်။ စလစ်အပ်ယာဉ်များအနေဖြင့် ငွေကျပ် ၁၀၃ သိန်းနှင့် တိုက်ကြေစလစ်ဈေးနှုန်းသည် ငွေကျပ် ၉၇ သိန်းမှ ၉၈ သိန်းကြားရှိကြောင်းနှင့် တိုက်ကြေ စလစ်အပ်ယာဉ်ဈေးနှုန်းအနေဖြင့် ငွေကျပ် သိန်း ၉၀ ဝန်းကျင်ရှိကြောင်းသိရသည်။

**Source:** http://myawady.net.mm/business/item/62516-2020-07-21-09-44-00

## ပျားရည်အထွက်နှုန်းကျဆင်းပြီး ပြည်ပတင်ပို့မှုလျော့နည်းသွားသဖြင့် ပျားမွေးမြူရေးလုပ်ငန်းအရှုံးပေါ်



မကွေးတိုင်းအတွင်း သီးနှံပင်တွေ အပွင့်ပွင့်တဲ့အချိန်မှာ မိုးရွာသွန်းမှုနည်းပါးတဲ့အတွက် ပျားရည်အထွက်နှုန်း ကျဆင်းနေသလို ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့်လည်း ပြည်ပတင်ပို့မှု လျော့နည်းသွားလို့ ပျားရည်ဈေးနှုန်းကျဆင်းကာ ပျားမွေးမြူရေးလုပ်ငန်းရှင်တွေ အရှုံးပေါ်နေတယ်လို့ သိရပါတယ်။ ပျားရည်တစ်ပိဿာကို အရင်နှစ်တွေက ကျပ် ၃၀၀၀ အထိ ရောင်းချခဲ့ရပေမဲ့ အခုနှစ်မှာတော့ ကျပ် ၂၀၀၀ ဈေးလောက်နဲ့ပဲ ရောင်းချရတဲ့အတွက် ပျားမွေးမြူသူတွေ အရှုံးပေါ်နေတာပါ။ မကွေးမြို့နယ် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းရှင် ဦးအောင်မင်းက “ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ဈေးနှုန်းကျဆင်းနေချိန်မှာ မိုးရွာသွန်းမှုနည်းပါးပြီး သီးနှံတွေပျက်စီးသလို ပျားရည်အထွက်နှုန်းကျဆင်းလို့ အရှုံးပိုများနေတာပါ။”လို့ ပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပျားရည်တန်ချိန် ၅၀၀၀ ခန့်ထွက်တယ်လို့သိရပြီး တန်ချိန် ၃၅၀၀ လောက်ကို ပြည်ပကိုတင်ပို့ကာ တန်ချိန် ၁၅၀၀ လောက်ကို ပြည်တွင်းမှာရောင်းချတာဖြစ်ပါတယ်။ ပွင့်ဖြူမြို့နယ် ပျားလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဌေးက “တပိုင်တနိုင် ပျားမွေးမြူရေးလုပ်ငန်းဟာ ပန်းပွင့်ရှိတဲ့နေရာကို ရွှေ့ပြောင်းမွေးမြူလို့ရတဲ့လုပ်ငန်းဖြစ်လို့ တောင်သူနဲ့စာရင် အဆင်ပြေတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် ပျားမွေးမြူသူ တိုးလာတယ်။ မကွေးတိုင်းအနေနဲ့ နှမ်းပျားရည်နဲ့ ဇီးပျားရည်ကို အဓိကထုတ်လုပ်နိုင်ပြီး နေကြာ၊ ပန်းနှမ်း၊ ပဲစိမ်းငုံပျားရည်တော့ အနည်းငယ်သာ ထုတ်လုပ်နိုင်တယ်။ ပျားပုံး တစ်ပုံးကို တစ်သိန်းကျပ်ဝန်းကျင် ကုန်ကျပြီး အနည်းဆုံး ပုံး ၃၀ ကနေ ပုံး ၅၀၀ ကျော်အထိ မွေးမြူကြပြီး ပျားပုံးတစ်ပုံးကို ပျားရည်ပေါင် ၁၀၀ ထိ ထွက်တယ်” လို့ပြောပါတယ်။ မကွေးတိုင်းအတွင်း အဓိကပျားမွေးမြူတာကတော့ ဧပြီလ၊ မေလတွေမှာ ရေသွင်းနှမ်း စိုက်ပျိုးတဲ့ ပွင့်ဖြူ စလင်း၊ မင်းဘူး၊ စကုမြို့နယ်တွေမှာဖြစ်ပါတယ်။

မိုးနှမ်းရာသီဖြစ်တဲ့ ဇွန်၊ ဇူလိုင်လတွေမှာတော့ မကွေးမြို့နယ်အတွင်းမှာ မွေးမြူကြပြီး စက်တင်ဘာ၊ အောက်တိုဘာလ ဇီးရာသီမှာတော့ မကွေးတိုင်းအတွင်းက နေရာတချို့နဲ့ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်မှာ အများဆုံးမွေးမြူကြတယ်။ စလင်းမြို့နယ် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းရှင် ဦးထွန်းဝေက “ပျားပုံးတွေချတဲ့အခါမှာ ဝတ်မှုံကူးပြီး သီးနှံအထွက်တိုးတာကို နားလည်တဲ့သူ ရှိသလို၊ နားမလည်တဲ့ တောင်သူတချို့ကိုရှင်းပြပြီးမှ ချရတာဖြစ်လို့ အဆင်မပြေတာတွေရှိတယ်။ ဒါ့အပြင် အခင်းတွေမှာ ပိုးသတ်ဆေးတွေသုံးတာကြောင့် ဝတ်မှုံကူးတဲ့အလုပ်ကို အဓိကလုပ်ဆောင်ပေးတဲ့ ပျား၊ ပိတုန်း၊ လိပ်ပြာတွေ သေဆုံးကြပြီး တချို့ ငယ်ရွယ်တဲ့ကလေးတွေဆိုရင် ပိတုန်းနဲ့လိပ်ပြာကို မမြင်ဖူးကြတော့တဲ့ အခြေအနေပါ” လို့ ဒီဗွီဘီကို ပြောပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာ ပုဂ္ဂလိက ပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး ရှိပြီး မြန်မာနိုင်ငံက ပျားရည်ကို ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ ကိုရီးယား၊ တရုတ်နဲ့ အာဆီယံနိုင်ငံတွေကို အဓိက တင်ပို့ရောင်းချတာဖြစ်တယ်လို့ တိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနကနေ သိရပါတယ်။

**Source:** http://burmese.dvb.no/archives/400785

**DVB TV News**

## အစီအစဉ်သစ်တွေ ဖော်ဆောင်မယ့် ရန်ကုန်စတော့အိတ်ချိန်း

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းပေါ်မှာ တည်ရှိတဲ့ ရန်ကုန်စတော့အိတ်ချိန်း အဆောက်အအုံအတွင်း ကြီးမားတဲ့ ဒီဂျစ်တယ်ဘုတ်ကို လှမ်းကြည့်မိပါတယ်။ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီတွေရဲ့ ရှယ်ယာကိန်းဂဏန်းတွေ၊ ဈေးနှုန်း ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီတွေရဲ့ ရှယ်ယာကိန်းဂဏန်းတွေ၊ ဈေးနှုန်းတွေနဲ့ အပြောင်းအလဲအတက် အကျ တွေကို ဖော်ပြထားတာတွေ့ရပါတယ်။ နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံမှာလည်း စတော့အိတ်ချိန်းဖော်ဆောင်ခဲ့တာဖြစ်ပြီး အခုဆိုရင် ရန်ကုန်စတော့အိတ်ချိန်းမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေလည်းပါဝင်နိုင်ဖို့ ဆွေးနွေးမှုတွေပြုလုပ်မယ်လို့

သိရပါတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ရန်ကုန်စတော့အိတ်ချိန်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်နိုင်ရေး အဲဒီလုပ်ငန်းတွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်မယ်လို့ ချေးငွေသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်က ပြောထားပါတယ်။ တကယ်တော့ ရန်ကုန်စတော့အိတ်ချိန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ မြန်မာနိုင်ငံရဲ့ငွေကြေးဈေးကွက် ဖွံ့ဖြိုးလာစေဖို့အတွက် ဂျပန်နိုင်ငံနဲ့ဆွေးနွေးပြီး အခုလို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို စတော့ဈေးကွက်ဝင်လာစေဖို့ စဉ်းစားနေခြင်းလည်းဖြစ်ပါတယ်။

အခုအချိန်မှာ ကိုဗစ်-၁၉ အပါအဝင် စီးပွားရေးလုပ်ငန်းတွေရဲ့အခြေအနေ၊ ပြည်သူတွေရဲ့ ငွေကြေးလည်ပတ်မှုအနေအထားတွေကြောင့် ရန်ကုန်စတော့အိတ်ချိန်းဟာ ရှယ်ယာအရောင်းအဝယ်တွေ အေးနေပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၆ ခုနှစ် မတ်လမှာ ရှယ်ယာအရောင်းအဝယ်တွေ စတင်ပြုလုပ်ခဲ့ပေမယ့် ရှယ်ယာရောင်းဝယ်မှုတွေဟာ အနည်းငယ်နှေးကွေးနေခဲ့ပါတယ်။ ဒီလိုအခြေအနေကြောင့် ရန်ကုန်စတော့အိတ်ချိန်းမှာ အကျိုးတူပူးပေါင်းဆောင်ရွက်နေတဲ့ ဂျပန် Daiwa Securities ကုမ္ပဏီက ၂၀၁၇ ခုနှစ် မတ်လအတွင်းမှာကတည်းက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို အများပိုင်ကုမ္ပဏီအဖြစ် ဆောင်ရွက်သင့်တယ်လို့ အကြံပြုဆွေးနွေးခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင် ဒီလုပ်ငန်းစဉ်ကို အစိုးရထံတင်ပြပြီး ဘယ်လိုစီစဉ်ဆောင်ရွက်သွားရင် ဖြစ်နိုင်မယ်ဆိုတာ စဉ်းစားနေတယ်လို့လည်း သိရပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေထဲက အကျိုးအမြတ်ရရှိနေတဲ့လုပ်ငန်းတွေကို စတော့အိတ်ချိန်းကို ဝင်ရောက်စေကာ အများ ပြည်သူတွေအတွက် ရှယ်ယာဖိတ်ခေါ်ရန်လည်း စဉ်းစားနေမှုတွေ ရှိနေပါတယ်။

ရန်ကုန် စတော့အိတ်ချိန်းမှာ လက်ရှိ အချိန်အထိ စာရင်းဝင် ကုမ္ပဏီခြောက်ခုရှိနေ ပါတယ်။ ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်မှာ စတင်ခဲ့တဲ့ အချိန်ကနေပြီး ပထမမြန်မာရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်(FMI)၊ မြန်မာသီလဝါအထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ် (FPB)တို့က တစ်နှစ်အတွင်းမှာ အရောင်းအဝယ်ရှယ်ယာ ၃ ဒသမ ၆ သန်း ရှိခဲ့ပြီး ငွေကျပ် ဘီလီယံ ၈၀ ခန့်အထိ ရှိခဲ့တယ်လို့ ရန်ကုန်စတော့အိတ်ချိန်းစာရင်း တွေအရ သိရပါတယ်။ အခုအချိန်မှာတော့ ရန်ကုန်စတော့အိတ်ချိန်းမှာ THM ကုမ္ပဏီနဲ့ Ever River (EFR) ကုမ္ပဏီတို့လည်း စာရင်းဝင်ရောက်လာတာကြောင့် ကုမ္ပဏီခြောက်ခုအထိရှိလာပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ဖို့နှောင့်နှေးခဲ့တဲ့ EFR ကုမ္ပဏီကတော့ ၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက်မှာ စာရင်းဝင်ကုမ္ပဏီအဖြစ် ရှယ်ယာတွေကို တစ်ခု ငွေကျပ် ၂၃၀၀ နဲ့ သတ်မှတ်ပြီး စတင်ရောင်းချနေပြီဖြစ်ပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းမှာ အရင် ဝင်ရောက်ထားတဲ့ FMI, MTSH, MCB, FPB နဲ့ THM ကုမ္ပဏီတွေမှာ ရှယ်ယာရှင်ပေါင်း သုံးသိန်းကျော်ရှိပြီး ရှယ်ယာအရောင်းအဝယ် လုပ်တဲ့ ဘဏ်စာရင်းဖွင့်ထားသူ ၃၃၀၀၀ ကျော် ရှိနေတယ်လို့ ဆိုပါတယ်။ ကိုဗစ်-၁၉ ကြောင့် အဲဒီရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီ ငါးခုစလုံးဟာ ပြီးခဲ့တဲ့မတ်လအတွင်းမှာ အနည်းဆုံး ရှယ်ယာတစ်ရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းအထိ ကျဆင်းခဲ့တယ်လို့ သိရပါတယ်။ ဒါပေမယ့် ဒီကျဆင်းတာဟာ ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေက စတော့ရှယ်ယာဈေးကွက် ထိခိုက်မှုနဲ့နှိုင်းယှဉ်ရင် အများကြီးလျော့နည်းတဲ့ အနေအထားဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဟာ အခြေအနေအရ သုံးသပ်ရင်တော့ စတော့ရှယ်ယာ အရောင်းအဝယ်က အနည်းငယ်အေးနေတာပဲ ဖြစ်ပါတယ်။ တကယ်တော့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ ကျင့်သုံးနေတဲ့ စတော့ရောင်းဝယ်မှုစနစ်ဟာ Call Auction စနစ်လို့ခေါ်ဆိုရမှာ ဖြစ်ပါတယ်။

ဒီစနစ်ကလည်း ကမ္ဘာ့စတော့ဈေးကွက်အများစုမှာသုံးစွဲနေတဲ့ အဖွင့်ဈေး၊ အပိတ်ဈေး တွက်ချက်ပုံနဲ့အတူတူဖြစ်ပါတယ်။ ရန်ကုန်စတော့ဈေးကွက်မှာ ရောင်းဝယ်သူတွေအနေနဲ့ ပေးနိုင်တဲ့အော်ဒါနှစ်မျိုးရှိပါတယ်။ အဲဒါကတော့ Market အော်ဒါနဲ့ Limit အော်ဒါတို့ ဖြစ်ပါတယ်။ Market အော်ဒါကတော့ ဈေးကွက်အတွင်းမှာဖြစ်နေတဲ့ မည်သည့်ဈေးနဲ့မဆို အရောင်းအဝယ်လုပ်မယ့်အော်ဒါဖြစ်ပြီး တန်းစီဇယားမှာလည်း ဦးစားပေးအဆင့်အမြင့်ဆုံးဖြစ်ပါတယ်။ ဒီလိုရောင်းဝယ်မှုဟာ အသက်သာဆုံး ရနိုင်သလို ဈေးနှုန်းမြင့်တာနဲ့လည်း ကြုံတွေ့ရနိုင်ပါတယ်။ Limit အော်ဒါကတော့ မိမိဝယ်ယူလို၊ ရောင်းချလိုတဲ့ ဈေးကို ကန့်သတ်ကာ အော်ဒါတင်ခြင်းဖြစ်ပါတယ်။ ဒီလိုအော်ဒါတွေကတော့ မိမိကြိုက်ဈေးနဲ့ ကွက်တိတွေ့နိုင်မှသာ အရောင်းအဝယ်ဖြစ်နိုင်တာဖြစ်ပါတယ်။ ဒါပေမယ့် မိမိကန့်သတ်ထားတဲ့ ဝယ်ဈေးထက် နိမ့်တဲ့ဈေးနဲ့လည်းရသွားနိုင်သလို မိမိကန့်သတ်ထားတဲ့ ဈေးနဲ့လည်း ပိုကြီးရသွားနိုင်ပါတယ်။ တကယ်တော့ စတော့ဈေးကွက် တည်ထောင်ရတာကတော့ ကုမ္ပဏီတွေအနေနဲ့

လိုအပ်တဲ့ ကာလရှည်ငွေကြေးအရင်းအနှီးကို ပြည်သူတွေဆီ ရှယ်ယာတွေ ထုတ်ဝေရောင်းချကာ စုစည်းဖြစ်တဲ့အပြင် ဝယ်ယူကိုင်ဆောင်ထားတဲ့ ရှယ်ယာရှင်ပြည်သူတွေအတွက်လည်း ငွေဖြစ်လွယ်မှု ထွက်ပေါက်ရရှိစေလိုရေးနဲ့ မျှတပြီး ပွင့်လင်းတဲ့ ဈေးကွက်ဖြစ်ပေါ်လာရေးတို့ပဲဖြစ်ပါတယ်။

ရန်ကုန်စတော့ဈေးကွက် ပိုမိုဖွံ့ဖြိုးလာဖို့ဆိုရင်တော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ၊ အထူးသဖြင့် အကျိုးအမြတ်ရရှိနေတဲ့ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေကို အများပိုင်ကုမ္ပဏီအဖြစ်ပြောင်းကာ စာရင်းဝင်ကုမ္ပဏီအဖြစ်ပြုလုပ်ဖို့ နည်းလမ်းရှိပေမယ့် ဒါကနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေနဲ့ ဆွေးနွေးသွားရဦးမှာဖြစ်ပါတယ်။ အရင်ဆုံး အစိုးရကိုတင်ပြပြီး ဘယ်လိုပုံစံနဲ့ သွားရင် ကောင်းမယ်ဆိုတာ စဉ်းစားထားရမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒီလိုနည်းလမ်းမျိုး အကောင်အထည်ဖော်နိုင်ရင်တော့ ရန်ကုန် စတော့အိတ်ချိန်းရဲ့အခြေအနေဟာ အခုထက်ပိုမိုပြောင်းလဲမှုတွေ၊ ရှယ်ယာအရောင်းအဝယ်ဖြစ်မှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီလိုသာ ဖြစ်ပေါ်လာခဲ့ရင် ရန်ကုန်စတော့အိတ်ချိန်းမှာ ပြည်သူတွေပါဝင်မှု ပိုမိုများပြားလာနိုင်ကာ ရန်ကုန်စတော့ အိတ်ချိန်းရဲ့ အနာဂတ်တိုးတက်ဖွံ့ဖြိုးမှု ပုံရိပ်ကောင်းကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ပြည်နယ်အစိုးရများ၏ ဆက်သွယ်သွားလာမှုများအား ပြန်လည်တားမြစ်ကန့်သတ်ခြင်းက အိန္ဒိယနိုင်ငံ၏ စီးပွားရေးနာလန်ထူမှု အရှိန်လျော့ကျစေဖွယ်ရှိခြင်း

အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်းလုံး အသွားအလာကန့်သတ်တားမြစ်ထားခြင်းကို ၁.၆.၂၀၂၀ နေ့မှ စတင်ဖြေလျော့လျက် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ခွင့်ပြုခဲ့သည့်နောက်ပိုင်းတွင် ကုန်ထုတ်လုပ်ရောင်းဝယ်မှုများမှာ ပြန်လည်အသက်ဝင် လှုပ်ရှားလာခဲ့သည့်နည်းတူ Covid-19 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူအရေအတွက်မှာလည်း ပြည်နယ်ဒေသအချို့၌ တရိပ်ရိပ် မြင့်တက်လာ ခဲ့ပါသည်။ တစ်နိုင်ငံလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အတည်ပြုလူနာဦးရေမှာ ဇွန်လ ၁ ရက် နေ့၌ ၁၉၈၀၀၀ ကျော်ရှိရာမှ ဇူလိုင်လ ၁၅ ရက်နေ့တွင် ၉၇၀၀၀၀ ခန့်အထိမြင့်တက်လာပြီး အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ၁၆.၇.၂၀၂၀ နေ့မွန်းလွဲပိုင်း၌ ထုတ်ပြန်သည့် စာရင်းများအရ လက်ရှိကုသမှုခံယူဆဲ Covid-19 ရောဂါ လူနာဦးရေမှာ ၃၃၁၁၄၆ ဦးရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာခြင်းအပေါ် စိုးရိမ်ပူပန်မှုများရှိလာပြီး အချို့မြို့ကြီးများနှင့် ပြည်နယ် များ၌ ဒေသန္တရအစိုးရများက ဆက်သွယ်သွားလာမှုများအား တစ်ကျော့ပြန်တားမြစ်ကန့်သတ်ခြင်းကို ချမှတ်ဆောင်ရွက်လျက် ရှိကြပါသည်။ ဥတ္တာပရာဒေ့ရှ်ပြည်နယ် အစိုးရသည် အပတ်စဉ်သောကြာနေ့ညနေပိုင်းမှ တနင်္လာနေ့နံနက်ပိုင်းအထိ အသွားအလာကန့်သတ်ခြင်းကို ဇူလိုင်လ ၁၀ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး ကာနာတာကာပြည်နယ်အစိုးရကမူ ဇူလိုင် ၁၄ ရက်မှ ၂၂ ရက်အထိ Lockdown ချမှတ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ပါသည်။ အလားတူ ဘီဟာပြည်နယ်အစိုးရသည်လည်း ပြည်နယ်အတွင်းရှိ ခရိုင် ၁၇ ခုအား ဇူလိုင်လ ၁၀ ရက်မှစ၍ ၃ ရက်မှ ၇ ရက်ကြာ Lockdown ချမှတ်ခဲ့ရာမှ တစ်ဖန် ဇူလိုင် ၁၆ ရက်မှ ၂၉ ရက်အထိ ပြည်နယ် တစ်ခုလုံး၌ အသွားအလာကန့်သတ်မှု တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ မဟာရဋ္ဌ၊ တမီနာဒူး၊ အာသံ ပြည်နယ်များရှိ မြို့ကြီးများတွင်လည်း အသွားအလာ တားမြစ်ကန့်သတ်မှုများ ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်ဒေသများစွာ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအား ထားဆီးထိန်းချုပ်ရန် ဒေသန္တရ အစိုးရများ၏ တစ်ကျော့ပြန် lockdown ချမှတ်လုပ်ဆောင်ခြင်းများက ဝယ်လိုအားလျော့ကျမှု နှင့် သွင်းအားစုကွင်းဆက် ပြတ်တောက်မှုကို ဖြစ်ပေါ်စေလျက် ယခင်လ၌ စီးပွားရေးလုပ်ငန်းများ ပြန်လည်အသက်ဝင် လုပ်ဆောင်လာမှု၏အရှိန်ကို ပျက်ပြယ်စေဖွယ်ရာရှိကြောင်း စီးပွားရေး ပညာရှင်အချို့က သုံးသပ်ပြောဆိုလျက်ရှိပါသည်။ စီးပွားရေးလုပ်ဆောင်မှုအားဖော်ပြသည့် ကုန်စည်ပို့ဆောင်မှု Electronic Way Bill များ၊ လူပုဂ္ဂိုလ်ရွေ့လျားသွားလာမှုအညွှန်းကိန်းများ၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် လုပ်သားများ၏လုပ်ငန်းခွင်ဝင်ရောက်မှု စသည့်အညွှန်းကိန်းများမှာ ဇွန်လအတွင်း လုပ်ဆောင်နိုင်မှုများနှင့်နှိုင်းယှဉ်ပါက ဇူလိုင်လ၌ကျဆင်းခဲ့ကြောင်းတွေ့ရှိရသည်။

ဇွန်လကုန်ပိုင်း၌ နော်မူရာအိန္ဒိယ စီးပွားရေးပြန်လည်လုပ်ဆောင်မှု အညွှန်းကိန်း (NIBRI) သည် ၇၀.၅ ရှိရာမှ ဇူလိုင်လ ၁၂ ရက်နေ့တွင် ၆၆.၈ သို့ ကျဆင်းခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် ရူပီးငွေ ၅၀၀၀၀ နှင့်အထက်ရှိသော ကုန်စည်များသယ်ယူ ပို့ဆောင်ခြင်းအတွက် E-waybill ခေါ် အီလက်ထရွန်းနစ်စနစ်သုံး ကုန်စည်သယ်မှုအထောက်အထားများ ထုတ်ပေးမှုမှာ

ဇူလိုင်လ၏ ပထမ ၁၃ ရက်အတွင်း စောင်ရေ ၁၇.၂ သန်းရှိပြီး ဇွန်လကာလတွင်၌ ၁၈.၇ သန်းဖြစ်ရာ သိသာစွာလျော့ကျခဲ့ကြောင်း၊ စီးပွားရေးလုပ်ဆောင်နိုင်မှု အခြေအနေကို တွက်ချက်ရာ၌ အခြားအညွှန်းကိန်းတစ်ခု ဖြစ်သော လူပုဂ္ဂိုလ်တစ်ဦးချင်း၏ လုပ်ငန်းခွင်သို့ ရွေ့လျားသွားလာမှု Mobility indices သည် လည်း ဇွန်လ လလယ်ပိုင်းမှစ၍ တိုးတက်မှုရပ်တန့်နေခဲ့သည်ကို Google ၏ အချက်အလက်စနစ်မှ တွေ့ရှိရကြောင်း၊ အိန္ဒိယစီးပွားရေးစောင့်ကြည့်လေ့လာမှု ဗဟိုဌာန (CMIE) ၏ အပတ်စဉ်စာရင်းအချက်အလက်များအရ လုပ်သားများ၏ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်မှုနှုန်းမှာ ဇွန်လ ၂၁ ရက်နေ့တွင် ကုန်ဆုံးသည့် ရက်သတ္တပတ်၌ ၄၂% ရှိရာမှ ဇူလိုင်လ ၁၂ ရက်နေ့တွင် အဆုံးသတ် သည့် ရက်သတ္တပတ်၌ ၄၀.၄% သို့ ကျဆင်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ HDFC Bank, CARE Ratings, Crisil, EY စသည့် စီးပွားရေး စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများမှ ပညာရှင်များက အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းဖြစ်ပေါ်မှု မတိုင်မီကာလနှင့်နှိုင်းယှဉ်ပါက ဝယ်လိုအားမှာ နိမ့်ကျလျက်ရှိပြီး စီးပွားရေးကျုံ့ဝင်မှုဖြစ်ပေါ်လျက်ရှိသည်ဟု သုံးသပ်လျက်ရှိကြောင်းဖြင့် Economic Times သတင်းဌာနက ဖော်ပြပါသည်။

အိန္ဒိယနိုင်ငံ၌ Covid-19 ဗိုင်းရပ်စ် ကူးစက်မှုနှုန်းမြင့်တက်လာသည်နှင့်အမျှ တားဆီးထိန်းချုပ်မှုလုပ်ငန်းများကို မြင့်တင်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ရာ ပြည်နယ်ဒေသန္တရ အစိုးရများ၏ အသွားအလာကန့်သတ်တားမြစ် ဆောင်ရွက်မှုများက အခြားတစ်ဖက်တွင် စီးပွားရေးပြန်လည်နာလန်ထူ လုပ်ကိုင်ဆောင်ရွက်မှုများအတွက် သွင်းအားစုကွင်းဆက် ပုံမှန်လည်ပတ်နိုင်ရေး၌ ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေပါသည်။

Source: 1. Consumer goods sales go off track due to localised lockdown in the country, 14 Jul 2020, Economic Times

2. India was on the path to economic recovery; local lockdowns threw a spanner in the works ,15 Jul 2020, Economic Times

3. From weekend curbs to extended restrictions: These states have imposed localised lockdowns , 12 Jul 2020, Hindustan Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## Cathay Pacific လေကြောင်းလိုင်းမှ ဟောင်ကောင်ဒေါ်လာ (၉.၉) ဘီလီယံဆုံးရှုံးခြင်းနှင့် သမိုင်းတွင်အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်ခြင်း

၂၀၂၀ ပြည့်နှစ်၊ ပထမ (၆) လအတွင်း Cathay Pacific လေကြောင်းလိုင်း အနေဖြင့် ဟောင်ကောင်ဒေါ်လာ(၉.၉) ဘီလီယံဆုံးရှုံးနိုင်ကြောင်း မျှော်လင့်ထားပြီးသမိုင်းတွင် အကြီးမားဆုံး ဆုံးရှုံးမှုဖြစ်ကြောင်း၊ Cathay Pacific လေကြောင်းလိုင်းအား ဟောင်ကောင် ဒေါ်လာ (၂၇.၃) ဘီလီယံကို ထောက်ပံ့ထားရာ လေ့လာသုံးသပ်ရန် ဟောင်ကောင်အစိုးရမှ လေ့လာသူ (၂) ဦး ခန့်အပ်၍ စစ်တမ်းကောက်ခဲ့ကြောင်း၊ COVID-19 ကြောင့် ခရီးသွားသူများလျော့နည်းကာ Cathay Pacific လေကြောင်းလိုင်းပြေးဆွဲမှုကို ထိခိုက်လျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ ပြန်လည်ကူးစက်နေသည့် COVID-19 Third wave (တတိယလှိုင်း) ကြောင့်လည်း စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ ၁၄-၇-၂၀၂၀ ရက်နေ့က အစိုးရမှ အလုပ်သမားများအား ထောက်ပံ့သည့် အစီအစဉ်မှ ဟောင်ကောင်ဒေါ်လာ (၆၈၀) မီလီယံရရှိခဲ့ကြောင်း၊ ဇွန်လတွင် ပုံမှန်ခရီးသည်များ၏ (၁) ရာခိုင်နှုန်းအောက် လျော့နည်းသည့် အရေအတွက်သာ စီးနင်းလိုက်ပါခဲ့ကြောင်း၊ ဧပြီနှင့်မေလတို့တွင် (၃) ရာခိုင်နှုန်းခန့်နှင့် ဇူလိုင်လတွင် (၇) ရာခိုင်နှုန်းသာ စီးနင်း လိုက်ပါခဲ့ကြောင်း၊ Cargo လေကြောင်းပြေးဆွဲမှုမှာ (၄၃) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်းနှင့် ဩဂုတ်လတွင် ခရီးသည်များ (၁၀) ရာခိုင်နှုန်းခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Danny Lee က “Cathay Pacific faces HK$ 9.9 b loss, the biggest in its history” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

# STOCK EXCHANGE (22.7.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 22nd Jul. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,000 | 10,500 | 10,000 | 923 | 9,630,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 1,596 | 6,063,300 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 22,000 | +500 | +2.33% | 22,000 | 22,000 | 22,000 | 13 | 286,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 654 | 1,798,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | -100 | -3.57% | 2,700 | 2,700 | 2,700 | 745 | 2,011,500 | 19,977,223 | 53,939 |

## Market summary

As of 22nd Jul. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 433.44 | -10.94 | -2.46% | 443.86 | 443.86 | 433.44 | 3,931 | 19,789,300 | 6 | 644,947 |

### Index chart




## Market Overview

As of 1:00 pm, 22nd Jul. 2020

| MYANPIX | 433.44 ▼ 10.94 |
|---|---|
| Total Volume (shares) | 3,931 |
| Total Value (MMK) | 20 mil |
| Listed Company | 6 |
| Market Cap. (MMK) | 644,947 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▼ 100 |